Message Five

# ၎င်းတို့၏ ဆိုးညစ်သော အကြံအစည်အတွက် သွန်သင်ခြင်းလေ၏ ပင်ကိုမူလ အကြောင်းရင်း

ဖတ်ရန်ကျမ်း။ ။ ဧ၄း၁၃-၁၅။ တ၂း၄၂။ ၁တိ၊၃-၄။ တိတု၊၁း၉။ ၁ကော၊၁း၂။ ၄း၁၇။ ၁၂း၁၂-၁၃၊ ၂၇

## I. တမန်တော်များ၏သွန်သင်ခြင်းသည် ဘုရားသခင့်ထာဝရစီမံကိန်း၏ တုန့်ရင်းရာမဲ့ဖြစ်သော၊ ခွန်အားဖြစ်စေသော သွန်သင်ခြင်းဖြစ်သည် - တ၂း၄၂။ ၁တိ၊၁း၃-၄။ ၆း၃။ တိတု၊၁း၉။ ၂း၁။

A. တမန်တော်များ၏သွန်သင်ခြင်းသည် ကိုယ်တော်၏ ဓမ္မသစ်လူများထံ သားတော်၌ ဘုရားသခင်၏စကားပြောခြင်းဖြစ်သည့် ဓမ္မသစ်ကျမ်း၏ သွန်သင်ခြင်းတစ်ခုလုံးဖြစ်သည် - ဟေဗြဲ၊၁း၁-၂။

B. တမန်တော်များ၏သွန်သင်ခြင်းသည် ဘုရားသခင့် ဓမ္မသစ်စီမံကိန်း၏ တုန့်ရင်းရာမဲ့သော၊ ဘုရားဆိုင်ရာဖြစ်သော ဖွင့်ပြခြင်းဖြစ်ကာ၊ ဘုရားသခင်၏ လူ့ဇာတိခံခြင်းမှ ယေရုရှလင်မြို့သစ် ပြီးမြောက်ပြည့်စုံခြင်းအထိ ပါဝင်သည် - ယော၊၁း၁၄။ ဗျာ၊ ၂၁း၂။

C. တမန်တော်များ၏ သွန်သင်ခြင်းသည် သဘောတညီတညွတ်ဖြစ်ခြင်း၏ ကိုင်စွဲထားသည့် အကြောင်းရင်းခံဖြစ်ကာ၊ ကျွန်ုပ်တို့ကို စိတ်နှလုံးတစ်ခု၊ နည်းလမ်းတစ်ခုနှင့် ပန်းတိုင်တစ်ခုတည်းကို ရရှိစေသည် - တ၊၁း၁၄။ ၂း၄၂က၊ ၄၆က။ ယေ၊၃၂း၃၉။

D. ကျွန်ုပ်တို့သည် "တမန်တော်တို့၏သွန်သင်ခြင်းအတိုင်း သစ္စာစကားတော်ကို အမြဲစွဲကိုင်သောသူများ" ဖြစ်ရမည်ဖြစ်သည် - တိတု၊၁း၉။

1. အသင်းတော်များသည် တမန်တော်များ၏ သွန်သင်ခြင်းအတိုင်း တည်စေခြင်းရှိကာ၊ သူတို့၏သွန်သင်ခြင်းနောက်သို့ လိုက်ကြပြီး၊ အသင်းတော်များ၏ အစီအစဉ်တကျဖြစ်ခြင်းမှာ တမန်တော်များ၏သွန်သင်ခြင်းအတိုင်း ပေးအပ်ထားသည့် သစ္စာစကားတော်အားဖြင့် စောင့်ထိန်းထားခြင်းဖြစ်သည်။

2. ကျွန်ုပ်တို့သည် တမန်တော်များ၏ ခွန်အားဖြစ်စေသော သွန်သင်ခြင်း၊ ဘုရားသခင့်စီမံကိန်း၏ သွန်သင်ခြင်းနှင့် ကိုက်ညီသည့် အရာများကို ပြောရမည်ဖြစ်သည် - ၂း၁၊ ၇-၈။ ၁တိ၊၁း၄။

E. တမန်တော်များ၏ သွန်သင်ခြင်းမှ ခြားနားသည့် မည်သည့်သွန်သင်ခြင်းကိုမဆို တမန်တော်များက ခွင့်မပြုပေ။ "ခြားနားသောအရာများ"ကို သွန်သင်ခြင်းသည် ကန့်သတ်ထားသောအရာဖြစ်သည် - တ၂း၄၂။ ၁တိ၊၁း၃-၄။

1. ခြားနားသောသွန်သင်ခြင်းများမှာ ဘုရားသခင်၏ စီမံကိန်းလမ်းကြောင်း၌မရှိသော သွန်သင်ခြင်းများကို ရည်ညွှန်းသည် - ၆း၃။

2. အသင်းတော်၌ အစီအစဉ်တကျ မရှိရခြင်းမှာ အဓိကအားဖြင့် တမန်တော်များ၏ သွန်သင်ခြင်းမှ သွေဖည်လွဲချော်သွားခြင်းကြောင့် ဖြစ်သည် - တ၂း၄၂။

a. ဤအရာကို ဆန့်ကျင်တုန့်ပြန်ရန် ကျွန်ုပ်တို့သည် တမန်တော်များ၏ သွန်သင်ခြင်းအတိုင်း အသင်းတော်များ၌ သွန်သင်ထားသည့် သစ္စာစကားတော်ကို ကိုင်စွဲထားရမည်ဖြစ်သည် - တိတု၊၁း၉။

b. မှောင်မိုက်နေသော၊ ရှုပ်ထွေးနေသော အခြေအနေ၌ ကျွန်ုပ်တို့သည် အလင်းထွန်းလင်းပေးသော၊ အစီအစဉ်တကျဖြစ်သော ဓမ္မသစ်ကျမ်းရှိ စကားတော် - တမန်တော်များ၏ သွန်သင်ခြင်းသို့ မှီတွယ်နေရန် လိုအပ်သည် တ၂း၄၂။

3. ကျွန်ုပ်တို့သည် ခြားနားသော သွန်သင်ခြင်းများကို ရှောင်ရှားကာ၊ ခရစ်တော်နှင့် အသင်းတော်နှင့် စပ်လျဉ်းသည့် ဘုရားသခင်၏စီမံကိန်းအပေါ် အာရုံစိုက်ထားရမည်ဖြစ်သည် - ၁တိ၊၁း၃-၄။ ဧ၃း၉။ ၅း၃၂။

F. တမန်တော်ပေါလုက အသင်းတော်များအားလုံး၌ တူညီသောအရာကို သွန်သင်ခဲ့သည်။ ကျွန်ုပ်တို့သည်လည်း မြေကြီးတစ်ပြင်လုံးမှ နိုင်ငံတိုင်းရှိ အသင်းတော်များအားလုံး၌ တူညီသောအရာကို သွန်သင်ရမည်ဖြစ်သည် - ၁ကော၊၄း၁၇။ ၇း၁၇။ ညွှန်း၊ ကော၊၄း၁၆။

G. တမန်တော်ဆိုင်ရာအမှုတော်၏ ခွန်အားဖြစ်စေသော သွန်သင်ခြင်း၏ အရေးကြီးသောအချက်မှာ သုံးပါးတစ်ပါးဘုရားသည် အရာအားလုံးပါဝင်သော အသက်ပေးသောဝိညာဉ်တော်အဖြစ် မိမိကိုယ်တော်တိုင်ကို ရွေးချယ်ခံများအထဲသို့ အဆင့်ဆင့်ဖြတ်ကျော်လာခြင်းနှင့် သက်ဆိုင်သည်၊ သို့မှသာ သူတို့သည် ဘုရားဆိုင်ရာ ဖြည့်သွင်းပေးခြင်းကို လက်ခံရရှိရန် အသက်

ဆိုင်ရာ ပေါင်းစည်းခြင်းအထဲသို့ ခေါ်ဆောင်ခံရကာ၊ ဘုရားသခင်၏သားနှင့် ခရစ်တော်၏အင်္ဂါဝင်များဖြစ်လာနိုင်ကြမည်ဖြစ်သည်။ ရလဒ်အနေဖြင့် သူတို့သည် ဘုရားသခင်၏ပြည့်ဝပြည့်စုံခြင်း ကိန်းဝပ်နေသည့်အရှင်ဖြစ်သော ခရစ်တော်ကို ထင်ရှားစေရန် ခရစ်တော်၏ကိုယ်ခန္ဓာတော် ဖြစ်လာနိုင်ကြမည်ဖြစ်သည် - ၁ကော၊၁း၄၅ခ။ ဗ်း၁၇။၁၂း၁၂-၁၃၊ ၂၇။

H. ဘုရားသခင့် ဓမ္မသစ်စီမံကိန်း၏ တုနှိုင်းရာမဲ့သော ဖွင့်ပြခြင်းမှ ခြားနားသည့် သွန်သင်ခြင်း မှန်သမျှကို တမန်တော်များက သွန်သင်ခြင်းဩဝါဒလေအဖြစ် မှတ်ယူထားကြသည် - ဧ၊၄း၁၄။

## II. ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များအဖြစ် ကျွန်ုပ်တို့သည် "မှားယွင်းစေသောမှုဖြင့် ပရိယာယ်၌၊ လူတို့၏လှည့်ဖြားခြင်း၌ နောက်တစ်ဖန် ခပ်သိမ်းသော သွန်သင်ခြင်းဩဝါဒလေတိုက်၍ လှိုင်းထသဖြင့် ဖရိုဖရဲ လွင့်သွားသောသူငယ်" မဖြစ်သင့်တော့ပေ - အငယ်၊၁၄။

A. *သူငယ်* ဟူသည်မှာ အသက်၌ ရင့်ကျက်ကြီးထွားမှု လျော့နည်းနေသည့် ခရစ်တော်၌ ငယ်ရွယ်နေသည့် ယုံကြည်သူများကို ရည်ညွှန်းသည် - ၁ကော၊၃း၁။ ဧ၊၄း၁၃၊ ၁၅။

B. လှိုင်းများမှာ ခြားနားသည့် သွန်သင်ခြင်း၊ ဩဝါဒများ၊ ခံယူချက်များနှင့် ထင်မြင်ယူဆချက်များ၏လေအားဖြင့် နှိုးဆွခြင်းဖြစ်ကာ၊ ယင်းမှာ ယုံကြည်သူများအား ခရစ်တော်နှင့် အသင်းတော်မှ အဝေးသို့ ရောက်သွားစေရန်အလို့ငှာ သွေးဆောင်ဖျားယောင်းခြင်းငှာ စာတန်စေလွှတ်ထားသည့်အရာများဖြစ်သည် - ၁တိ၊၁း၃-၄။ ဧ၊၄း၁၄။

1. ခရစ်တော်၌ နုငယ်သူများသည် ဤအရာများကို ပိုင်းခြားသိမြင်ရန် ခက်ခဲသည်။ သွန်သင်ခြင်းလေအားဖြင့် နှိုးဆွခံရသည့် လှိုင်းများမှ လွတ်ရန် တစ်ခုတည်းသောနည်းလမ်းမှာ အသက်၌ ကြီးထွားခြင်းဖြစ်သည်၊ အသက်၌ ကြီးထွားရန် စိတ်ချရသည့်နည်းလမ်းမှာ ခရစ်တော်နှင့်အသင်းတော်ကို အကွယ်အကာအဖြစ် ရယူထားသော မှန်ကန်သင့်လျော်သည့် အသင်းတော်အသက်တာ၌ ရှိခြင်းဖြစ်သည် - အငယ်၊၁၃-၁၅။

2. မည်သို့သောသွန်သင်ခြင်းမဆို၊ ကျမ်းစာဆိုင်ရာပင် ဖြစ်စေကာမူ၊ ယုံကြည်သူများကို ခရစ်တော်နှင့် အသင်းတော်မှ လွဲချော်သွားစေခြင်းသည် ဘုရားသခင်၏ ထာဝရအကြံအစည်တော်မှ သူတို့ကို လွဲချော်စေသည့် လေပင်ဖြစ်သည် - အငယ်၊၁၄။

C. ကျွန်ုပ်တို့သည် သွန်သင်ခြင်းလေ၏ ပင်ကိုမူလ အကြောင်းရင်းကို မြင်ရန် လိုအပ်သည် - အငယ်၊၁၄။

1. ပင်ကိုမူလအကြောင်းရင်းသည် ဝှက်ထားသော အကြောင်းရင်း၊ သိသာထင်ရှားခြင်းမရှိသည့် အကြောင်းရင်းဖြစ်သည်။

2. ဤပင်ကိုမူလအကြောင်းရင်းကို မြင်ရန် ကျွန်ုပ်တို့သည် အခြေအနေတစ်ခုလုံးအထဲသို့ ထွင်းဖောက်မြင်နိုင်သည့် မှန်ကန်သင့်လျော်သော၊ ထက်မြက်သော နားလည်နိုင်သောဉာဏ် ရှိဖို့လိုအပ်သည်။

3. ဤသွန်သင်ခြင်းများသည် ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းအတွက် ဘုရားသခင်၏စီမံကိန်းနှင့်စပ်လျဉ်းသည့် ဓမ္မသစ်သွန်သင်ခြင်းမှ ခြားနားသည် - ၁တိ၊၃-၄။ ဗ်း၃။

   a. အပြင်ပန်းအားဖြင့် သွန်သင်ခြင်းလေ မှန်သမျှသည် ကောင်းပါသည်။ သွန်သင်ခြင်းဩဝါဒလေ၏ အတွင်း၌ ပင်ကိုမူလဆိုင်ရာအနေဖြင့် တမန်တော်များ၏သွန်သင်ခြင်းမှ ခြားနားသောတစ်စုံတစ်ရာ၊ မကောင်းသောအရာတစ်ခုခု ရှိနေသည်။

   b. သွန်သင်ခြင်းလေသည် ယုံကြည်သူများ၏ ယုံကြည်ချက်ကို ပျက်ယွင်းစေပြီး၊ အသင်းတော်အသက်တာကို မွှေနှောက်ဖျက်ဆီးနေသည် - ၂တိ၊၂း၁၈။

D. ဩဝါဒလေများဖြစ်လာသော သွန်သင်ခြင်းများ၊ ယုံကြည်သူများကို ခရစ်တော်နှင့်အသင်းတော်မှ သွေဖည်သွားစေသောသွန်သင်ခြင်းများသည် စာတန်က သူ၏လိမ္မာပါးနပ်မှုအားဖြင့် လူတို့၏ လှည့်စားမှုနှင့်အတူ သွေးထိုးလှုံ့ဆော်သည့် လှည့်စားမှုများဖြစ်ကာ၊ ယင်းသည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ရန်ဖြစ်သည့် ဘုရားသခင်၏ ထာဝရစီမံကိန်းကို နှောင့်ယှက်ဖျက်ဆီးရန်ဖြစ်သည် - ဧ၊၁း၁၀။ ၃း၉-၁၁။ ၄း၁၄၊ ၁၆။

1. ကွဲပြားစေသော သွန်သင်ခြင်းများသည် မှားယွင်းစေသောမှုကို ဖြစ်ပေါ်စေရန် စာတန်က ဖွဲ့စည်းကာ စနစ်ကျကျလုပ်နေခြင်းဖြစ်၍၊ ထိုသို့ဖြင့် ကိုယ်ခန္ဓာတော်အသက်တာ၏ လက်တွေ့ကျသော တစ်လုံးတစ်ဝဖြစ်ခြင်းကို ပျက်စီးစေသည် - အငယ်၊၃။

2. လုည့်စားမှုသည် လူတို့၏အရာဖြစ်သော်လည်း၊ မှားယွင်းစေသောမှုသည် စာတန်၏အရာဖြစ်ကာ၊ လှည့်စားတတ်သော သွန်သင်ခြင်းများနှင့် ဆက်နွှယ်နေပြီး၊ ယင်းမှာ သန့်ရှင်းသူများကို ခရစ်တော်နှင့် အသင်းတော်အသက်တာထံမှ အာရုံ ပျက်ပြားသွားစေရန် ဆိုးညစ်သောသူက ပုံစံရေးဆွဲထားသည့်အရာများဖြစ်သည် - အငယ်၊၁၄။ ၅း၃၂။

E. သွန်သင်ခြင်းလေ၏ ရည်ရွယ်ချက် - ရန်သူစာတန်၏ ဆိုးညစ်သော ရည်ရွယ်ချက် - မှာ ခရစ်တော်၏ ရှင်သန်သော ကိုယ် ခန္ဓာတော် တည်ဆောက်ခြင်းကို နှောင့်ယှက်ရန်နှင့် ချစ်ခြင်းမေတ္တာနှင့် ကြင်နာခြင်း၌ ခရစ်တော်ကိုယ်ခန္ဓာတော်၏ တစ်လုံး တစ်ဝဖြစ်ခြင်းကို စောင့်ထိန်းရမည့်အစား မဆုံးနိုင်သော ကွဲပြားခြင်းများကို ဖြစ်ပေါ်စေရန်ဖြစ်သည် - ၁ကော၊၁း၊၁၀-၁၁။ ယုဒ၊၁၉။

F. ဒေသန္တရအသင်းတော်၏ အကြွင်းမဲ့ဖြစ်သော ကိုယ်ပိုင်အုပ်ချုပ်စီမံခွင့်နှင့် စပ်လျဉ်းသည့် မှားယွင်းစေတတ်သော သွန်သင် ခြင်းသည် သခင်ဘုရား၏ပြန်လည်ရယူခြင်းအထဲသို့ တဖြည်းဖြည်း ဝင်ရောက်လာနေသည်။

1. ဒေသန္တရအသင်းတော်များသည် လုံးလုံးအကြွင်းမဲ့ ကိုယ်ပိုင်အုပ်ချုပ်စီမံခွင့်ရှိသည်ဟု သွန်သင်ခြင်းမှာ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို ကွဲပြားစေသည် - ရော၊၁၂း၅။ ၁၆း၁၇။
2. ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့်စပ်လျဉ်းသည့် သွန်သင်ခြင်းသည် ခရစ်ယာန်များကို ပျက်စီးယိုယွင်းစေသည်၊ လမ်းလွဲစေ သည်၊ လှည့်စားနေသည်၊ များစွာသော ကွဲပြားခြင်းများကို ဖန်တီးပေးသည် - ယုဒ၊၁၉။
3. အသင်းတော်သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်ပြီး၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်အနေဖြင့် အသင်းတော်၏ မည် သည့်အပိုင်းမျှ ကိုယ်ပိုင်အုပ်ချုပ်စီမံခြင်း မရှိနိုင်ပါ - ၁ကော၊၁း၂။ ၁၂း၁၂-၁၃။
4. ဒေသန္တရအသင်းတော်များသည် ခရစ်တော်၏ကိုယ်ခန္ဓာတော် ထင်ရှားခြင်းအတွက် ဖြစ်သည်။ သူတို့သည် အမျိုးမျိုး သောဒေသန္တရများ၌ ခရစ်တော်ကိုယ်ခန္ဓာတော်၏ ထင်ရှားပေါ်လွင်ခြင်းဖြစ်သည် - ၁း၂။ ၁၂း၂၇။
5. ကျွန်ုပ်တို့၏စဉ်းစားဆင်ခြင်မှု၌ ကိုယ်ခန္ဓာတော်သည် ပထမဖြစ်ရမည်ဖြစ်ကာ၊ ဒေသန္တရအသင်းတော်များသည် ဒုတိယ ဖြစ်ရမည်ဖြစ်သည် - ၉း၂၂-၂၂။
6. ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်ကို သိပြီး၊ ကိုယ်ခန္ဓတော်အသိစိတ် ရှိကြမည်ဆိုလျှင် ခရစ်တော်၏ရှင်သန်သော ကိုယ် ခန္ဓာတော်ဖြစ်သည့် အသင်းတော်သည် ကိုယ်ပိုင်အုပ်ချုပ်စီမံခွင့်နှင့် ဘာမျှမသက်ဆိုင်ကြောင်း ကျွန်ုပ်တို့သိရှိနားလည် လာကြလိမ့်မည်ဖြစ်သည်။

© 2021 Living Stream Ministry